# မာတိကာ


| | | |
|---|---|---|
| ၁။ | ယော့ဘတိုင်းယီ (Geogre Bataille) | ၃ |
| ၂။ | မိုရီဘလွန်ရှို (Maurice Blanchot) | ၁၃ |
| ၃။ | ချီနွာအာခေဘီ (Chinua Achebe) | ၂၆ |
| ၄။ | ဝိုလီဆိုရင်ကာ (Wole Soyinka) | ၄၀ |
| ၅။ | ယူလီယာခရစ္စတီဗာ (Julia Kristeva) | ၅၁ |
| ၆။ | မားကီးဒီဆတ်ဒ် (Marquis de Sade) | ၆၄ |
| ၇။ | ရေမွန်ရူဆယ် (Raymond Roussel) | ၈၀ |
| ၈။ | ဂျိမ်း(စ်)အဂီး (James Agee) | ၈၈ |
| ၉။ | မဂ္ဂာရိဒူးရ (Marguerite Duras) | ၁၀၃ |
| ၁၀။ | ဒေးဗစ်လော့ဒ်ဂျ် (David Lodge) | ၁၁၉ |
| ၁၁။ | ကမ်ကတ်ဆီ (Ken Kesey) | ၁၃၁ |
| ၁၂။ | ဇိုရာနီးယားယ်လီဟာစတန် (Zora Neale Hurston) | ၁၄၂ |
| ၁၃။ | ကာပန်တီယေ (Aleje Capentier) | ၁၅၄ |


# စာရေးသူ၏အမှာ

မစ္စတာဟာနီဗယ်၊ ဦးဆက်၊ ဦးဖေမောင်တင်တို့ ထူထောင်တဲ့ Burma Book Club ဟာ တစ်ချိန်က သခင်လူငယ်တွေ အားကိုးအားထားပြုခဲ့ရတဲ့ စာအုပ်အသင်း ဖြစ်တယ်။ ဒီအသင်းတိုက်ဟာ လန်ဒန်လက်ဝဲ စာအုပ်အသင်းကနေ လီနင်လက်ရွေးစင် ပေါင်းချုပ်တွေ မှာယူတယ်။ ဒီတော့ လူငယ်အများစုမှာ နိုင်ငံရေးရာ၊ စာပေနဲ့ ပတ်သက်ပြီး လက်ဝဲအယူအဆတွေ ကိန်းအောင်းလာတာ မဆန်းလှဘူး။ အဲဒီ ၁၉၃၀ ပတ်ဝန်းကျင်မှာပဲ လီနင်တို့ရဲ့ စာပေအယူအဆကို ဆန့်ကျင်တဲ့ စာပေသဘောတရားတွေလည်း ရုရှားမှာ ပေါ်ပေါက်နေတာပါပဲ။ ဗစ်တာရှကလော့စကီး၊ ယာကော့ဆင်၊ မစ်ခေးဘာ့ခ်တင်တို့ဟာ ရုရှားရဲ့ လွှမ်းမိုးကြီးစိုးဆဲ အတွေးအခေါ်နဲ့ ဆန့်ကျင်တဲ့အတွက် ဖိနှိပ်ခံရတယ်။ အဲဒီ စာပေသဘောတရားတွေကတော့ ကမ္ဘာကို ကျယ်ကျယ်ပြန့်ပြန့် မပျံ့နှံ့ခဲ့သလို မြန်မာပြည်ကိုလည်း မရောက်ခဲ့ဘူး။ ဘာကြောင့်လဲ။

ဆိုလိုချင်တာက ကျွန်တော်တို့ရဲ့ အသိပညာ ဖြစ်ထွန်းလာပုံဟာ ကမ္ဘာကြီးမှာ အထက်စီးကနေ နေရာယူထားတဲ့ လွှမ်းမိုးကြီးစိုးဆဲ အတွေးအခေါ်တွေ၊ ကျွန်တော်တို့ဆီ ဝင်လာတဲ့စာအုပ်တွေ၊ ကျွန်တော်တို့ရဲ့ အင်စတီကျူးရှင်းက အသားပေးထားတဲ့အရာတွေ စတဲ့ လူမှုရေး အလေ့အကျင့်တွေအတွင်းက ထွက်လာတာပါ။ ဘေးဖယ်ထုတ်ခံစာပေ၊ အတွေးအခေါ်တွေကိုတော့ ကျွန်တော်တို့ဟာ အလိုလို လျစ်လျူရှုခဲ့ရုံတင် မကဘူး "တစ်စုံတစ်ရာ မှားယွင်းနေတဲ့အရာ" တစ်ခုအဖြစ်ပါ သတ်မှတ်ဆက်ဆံခဲ့ကြတယ်။ အထက်စီးက နေရာယူ လွှမ်းမိုးထားနိုင်ခဲ့တဲ့ ချက်ကော့၊ တော်စတွိုင်း၊ ဟဲမင်းဝေး တို့သာလျှင် စာကောင်းပေကောင်းရယ်လို့ ဖြစ်လာတယ်။ ၎င်းအရာတွေသည်ပင်လျှင် ကျွန်တော်တို့ရဲ့



တွေ့ကြုံခံစားမှုနဲ့ စိတ်လှုပ်ရှားမှုကို လက်ဝါးကြီး အုပ်ထားခဲ့တယ်။ စာကြည့်တိုက်မှာ၊ စာအုပ်ဆိုင်တစ်ဆိုင်မှာ ချက်ကော့၊ တော်စတွိုင်း၊ ဘတိုင်းယီ၊ မိုရီဘလွန်ရှိုတို့ကို တင်ထားတဲ့အခါ ကျွန်တော်တို့ဟာ ချက်ကော့နဲ့ တော်စတွိုင်းကိုသာ ရွေးချယ်ဖတ်ရှုတော့မှာ ဖြစ်တယ်။ ဖတ်စရာမရှိတော့တဲ့ အခါမျိုးမှာ ဘတိုင်းယီနဲ့ ဘလွန်ရှိုတို့ကို ရွေးချယ်မိသော်မှ ကျွန်တော်တို့ရဲ့ အာရုံသာယာမှုဟာ ချက်ကော့တို့အပေါ်ကိုသာ သာယာမိဖို့ အလေ့အကျင့်လုပ်ခံထားရတဲ့အတွက် ဘတိုင်းယီ၊ ဘလွန်ရှိုတို့ကို ကြိုက်ချင်မှ ကြိုက်ပါလိမ့်မယ်။

"မြန်မာမကျော်တဲ့ ကမ္ဘာကျော်စာရေးဆရာများ" မှာ မြန်မာမကျော်ဆိုတဲ့ သဘောက လူသိနည်းတဲ့ အဓိပ္ပာယ်ထွက်ပေမယ့် အဓိကအားဖြင့် မြန်မာလူ့အဖွဲ့အစည်းအတွင်းက လွှမ်းမိုးကြီးစိုးဆဲ အသိပညာ၊ ရသခံစားမှု တန်ဖိုးစံတို့အတွင်း ရှိမနေတဲ့အတွက် ဘေးဖယ်ထုတ်ခံထားရတဲ့ စာရေးဆရာများကို ဆိုလိုတယ်။ ယနေ့ခေတ်ကို ဂရမ်ရှီရဲ့ အသုံးကိုယူပြီး "အဖိနှိပ်ခံတို့ ပြန်လာတဲ့ခေတ်" လို့ ခေါ်ဝေါ်ကြတယ်။ တစ်ချိန်က လက်မခံဘဲ ဘေးဖယ်ထုတ်ခံထားတဲ့ တန်ဖိုး၊ အသိပညာ၊ ကိုယ်ကျင့်တရား၊ ရသခံစားမှု စတာတွေကို ပြန်လည်လေ့လာ ပြောဆိုနေကြတဲ့အချိန် ဖြစ်တယ်။ ဒါကြောင့် ဒီအပိုင်းမှာ တစ်ချိန်က ဘေးဖယ်ထုတ်ခံ စာရေးဆရာတွေကို ဦးစားပေးဖော်ပြထားတယ်။ လူသားအချင်းချင်းကြားမဟာ "ပိုမို ကျယ်ပြန့်ပြီး၊ ရှင်သန်လှုပ်ရှားလာမယ့် တွေ့ကြုံ ခံစားမှု" တိုးပွားဖို့ ရည်ရွယ်ပါတယ်။